# ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား

ဆရာတော်ဦးရာဇိန္ဒ (ယခင် BDMS ကျောင်းထိုင်ဆရာတော်) ၏ ဩဝါဒကို ခံယူကာ သဒ္ဓါထက်သန်၍ စိတ်သဘောတူမျှကြကုန်သော စင်္ကာပူနိုင်ငံရောက် မြန်မာအချို့နှင့် ဒေသခံများ၏ စည်းလုံး ညီညွတ်မှုဖြင့် “သတိပဋ္ဌာန်ကမ္မဋ္ဌာန်းရိပ်သာ” ကို အောင်မြင်စွာဖွဲ့စည်း ထူထောင်ပြီးဖြစ်ပါသည်။ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းရိပ်သာသည် ဗုဒ္ဓသာသနာ ပြန့်ပွါးစည်ပင်ရေး ကိုရည်သန်လျှက် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ၏ အကျိုးငှါ ဖွဲ့စည်း တည်ထောင်ထားသော ရိပ်သာဖြစ်ပါသည်။ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း စုပေါင်းတရားနာ၊ တရားအားထုတ်ခြင်းများ၊ နေ့ကြီး ရက်ကြီးများ၌ စဉ်လာမပျက် ဘာသာရေးဆောင်ရွက်ဖွယ် ရှိသည်များကို စုပေါင်း ဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ တရားစခန်းများဖွင့်လှစ်ခြင်း၊ ရိုးရာအစဉ်အလာပွဲများ ကျင်းပခြင်း စသည်များကို မြန်မာကျောင်းထိုင် ဆရာတော်ဦးရာဇိန္ဒ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာအမျိုးကောင်းသား၊ မြန်မာအမျိုးကောင်းသမီး ဓမ္မမိတ်ဆွေအပေါင်းတို့အား ဤရိပ်သာသို့ တဦးချင်းဖြစ်စေ၊ အဖွဲ့ဖြင့်ဖြစ်စေ အချိန်အခါမရွေး ကြွရောက်၍ ဗုဒ္ဓ၏အဆုံးအမကို နာကြားခြင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းများ ပြုနိုင်ကြပါကြောင်း ဖိတ်ကြားအပ်ပါသည်။ သို့ပါ၍ ဤသတိပဋ္ဌာန် ကမ္မဋ္ဌာန်းရိပ်သာ တည်တန့်တိုးတက်ရေးကို ရှေ့ရှု၍ အကြံဉာဏ်အား၊ လူအား၊ ဝတ္ထုပစ္စည်းအား၊ ငွေအားတို့ဖြင့် ထောက်ပံ့လှူတန်း ကူညီကြပါရန်တိုက် တွန်းအပ်ပါသည်။

အကျိုးဆောင်အဖွဲ့

ရိပ်သာတည်နေရာ

**SATIPATTHANA MEDITATION CENTRE**

**NO.735A & 735B HAVELOCK ROAD (2nd&3rd floor)**

**Singapre 169652**

**Tel:(65) 62725696**

**Email : sati_patthana@yahoo.com.sg**